mgyoe.com



တတိယမြန်မာနိုင်ငံထူထောင်သူ

# အလောင်းမင်းတရားကြီး

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - မင်းနိုင်

အခြေခံမိတ်ဆက်စာစဉ်

အတွဲ(၁)ပွဲ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN9789997116369
BBB2
9 789997 116369
1,000.00KS

မျက်နှာဖုံးပန်းချီ - ကျော်ဖြူစံ

mgyoe.com

တတိယမြန်မာနိုင်ငံ တည်ထောင်သူ အလောင်းမင်းတရားကြီး၊ ဝေသာနှင့် မင်းနိုင်
စာမျက်နှာ ၄၁ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# တတိယမြန်မာနိုင်ငံ
# တည်ထောင်သူ
# အလောင်းမင်းတရားကြီး

ဝေသာ ဇာတ်ညွှန်းရေး၍
မင်းနိုင် သရုပ်ဖော်သည်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com



mgyoe.com

## [ ၁ ]

သူကြီး ဦးညိုစံမှာ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီး၍ ဆောင်းဥတု၏ ညဦးယံ၌ မီးဖိုကာ အိမ်နီးချင်းများနှင့် စကားပြောနေသည်။ သားဖြစ်သူ ရောက်ရှိလာပြီး အနား၌ထိုင်၍ မီးလှုံနေ၏။ စစ်ရေးစစ်ရာ၊ မင်းမှုမင်းရာ တို့ကို ပြောဆိုနေခိုက် သားဖြစ်သူက လူကြီးစကားများကို ဖြတ်၍-

"အဖေ ... ကျွန်တော် ရှင်ဘုရင် ဖြစ်နိုင်သလား"

ဖခင်ဖြစ်သူက စကားဝိုင်း ပျက်မည်စိုး၍ သားဖြစ်သူကို ကျောပုတ်လိုက်ပြီး-

"သွား ... သွား..."

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com



သားငယ်မှာမူ မကျေမနပ်ဖြစ်၍ မိခင်ထံ သွားရောက်ကာ မိခင်ဖြစ်သူ ဒေါ်ငြိမ်းဦးအား-

"အမေ ... ကျွန်တော် ရှင်ဘုရင် ဖြစ်နိုင်သလား" မေးလေ၏။

မိခင်ဖြစ်သူက-

"မင်း ရှင်ဘုရင် လုပ်ချင်သလား"

"ဟုတ်ကဲ့"

မိခင်ဖြစ်သူက ဆက်ပြီး-

"တို့မြန်မာလူမျိုးမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိရဘူးကွဲ့၊ လုပ်ချင်တာမှန်သမျှ ပြီးမြောက်ရတာချည်းပဲ"

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com



"ဒါဆို သား အမှန်ပဲ ရှင်ဘုရင် ဖြစ်မှာလား" ထပ်မေးပြန်သည်။

မိခင်က-

"မင်း ရှင်ဘုရင် ဖြစ်ချင်ရင် ဖြစ်ရမယ်။ သူဌေး ဖြစ်ချင်ရင် ဖြစ်ရမယ်။ ဖြစ်ချင်တဲ့သဘောအတိုင်း ဖြစ်ချင်လို့ရှိရင် နံနက်စောစော အိပ်ရာထရမယ်။ သတိထားပြီး အိပ်ရမယ်။ အအိပ်အနေ နည်းရမယ်။ အစားအသောက်လည်း မကြီးကြမ်းရဘူး။ မုသားစကားကို ရှောင်ရမယ်။ သတ္တိစွမ်းပကားရှိရမယ်။ သနားကြင်နာရမယ်။ လူကို လူလို မှတ်တတ်ရမယ်။ သူ့တစ်ပါးအကျိုးကို လိုလားရမယ်။ သံယောဇဉ်တရား နည်းရမယ် ..."

ထိုသို့ ဆုံးမစကားကို ပြောလေသည်။

ထိုဆုံးမစကားကို တစ်သဝေမတိမ်း လိုက်နာ၍ ကျင့်ကြံစောင့်စည်းခဲ့သော ထိုသား မောင်အောင်ဇေယျမှာ နောင်တွင် တတိယမြန်မာနိုင်ငံတော်ကြီးအား တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီး ဖြစ်လာမည့်သူ ဖြစ်လေသည်။

mgyoe.com





[ ၂ ]

ထိုအချိန်က ဟံသာဝတီဘုရင်သည် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူပြီး မကြာမီ အင်းဝ၊ စစ်ကိုင်းအား သိမ်းယူလေသည်။

အင်းဝမှာ ပျက်သွား၍ ပြည်သူပြည်သားတို့မှာ နီးစပ်ရာ မြို့ရွာများသို့ ပြေးကြရသည်။ တချို့မှာ ရွှေဘိုသို့ ပြေးကြရသည်။ အင်းဝမြို့ကြီး မီးလောင်ပြင် ဖြစ်ခဲ့ရသည်။

mgyoe.com



ထိုအချိန်၌ ရွှေဘိုမြို့ မုဆိုးဖို ရွာသား ဦးအောင်ဇေယျမှာ ထက်မြက်သော စွမ်းရည်ရှိသူဖြစ်၍ ရွာသူရွာသားများက ရွာ၏ ခေါင်းဆောင် တင်မြှောက်ထားခြင်း ခံရသူ ဖြစ်သည်။

မုဆိုးဖိုရွာကလေး၏ နံနက်ခင်းတစ်ခု၌ ဦးအောင်ဇေယျ အိမ်မှ ကလတက်ခေါက်သံများ ထွက်ပေါ်လာသည်။ မကြာမီ ရွာသူရွာသားများ ဦးအောင်ဇေယျ အိမ်သို့ စုရုံးရောက်ရှိလာကြချေ၏။

mgyoe.com





mgyoe.com

ဦးအောင်ဇေယျက -


"အားလုံးသိတဲ့အတိုင်း အင်းဝ ပျက်ပြီး ဘုရင်လည်း မရှိတော့ဘူး။ အုပ်ချုပ်ရေးလည်း ဖရိုဖရဲ ဖြစ်ကုန်ပြီ။ လူဆိုးသူခိုးတွေကလည်း ဆူပူ ထကြွနေကြပြီ။ တို့ ရွာရဲ့လုံခြုံရေးကို တို့ကိုယ်တိုင် ဆောင်မှ ဖြစ်တော့မယ်။ ဒီတော့ နောက်ရက်က စပြီး အိမ်တိုင်းအိမ်တိုင်း လုပ်အားပေးကြရတော့မယ်"

mgyoe.com




သို့ဖြင့် မုဆိုးဖိုရွာသားများ စုပေါင်းညီညွတ်စွာဖြင့် ရွာကို ဝိုင်းပတ်ပြီး တာလေးရာခုနစ်ဆယ် ရှိသော ထန်းလုံးတပ်ဖြင့် ရွာကို ကာရံလေတော့သည်။

mgyoe.com



ထို့အပြင် ပစ္စင်၊ ရင်လျှောက်၊ ကတုတ်၊ ရင်တား၊ ကျုံးမြောင်းနှင့် တကွ ခိုင်ခိုင်မာမာ ဆောက်လုပ်ထားသည်။ အနီးနားရွာပေါင်း လေးဆယ့် ခြောက်ရွာရှိ လူသူ၊ လက်နက်၊ ကိရိယာ၊ ဆင်၊ မြင်း၊ ရိက္ခာတို့အား ထန်း လုံးတပ်အတွင်းသို့ချည်းသွင်း၍ အခိုင်အမာ ပြုလုပ်ထား၏။

mgyoe.com





ထန်းလုံးတပ်ပြင်ပဋ္ဌရှိသော ရေတွင်းရေကန်များကို ဖျက်သိမ်းစေပြီးလျှင် စစ်တလင်းရှင်းလင်းထားလေ၏။ (ထိုကဲ့သို့ ပြုလုပ်ပုံနည်းစနစ်သည် ရှေးအခါက တိုင်းပြည်ကယောက်ကယက် ဖြစ်အုံ့ထင်သောအခါ ခိုးသားဓားပြတို့ဘေးမှ ကင်းဝေးရလေအောင် ရွာမကြီးကို စုပေါင်းဝင်ရောက်ခိုအောင်းနေသော ရှေးမြန်မာတို့ ထုံးစံဖြစ်လေသည်။)

mgyoe.com





"ကျုပ်တို့အားလုံး ခိုင်မာအောင် လုပ်ခဲ့ပြီးပြီ။ ဒါပေမဲ့ လူရွယ်လူကောင်းတွေကို စစ်ခင်းစစ်ရေးအတတ်၊ သေနတ်ပစ်၊ ဓားထိုးလှံထိုး စစ်နည်းဗျူဟာတွေကို အမြန်ဆုံး သင်ရမယ်။ ဒါမှ ကျုပ်တို့ မုဆိုးဖိုရွာက အခိုင်မာဆုံး အနေအထားကို ရောက်မှာ၊ အခိုင်မာဆုံး ကာကွယ်နိုင်မှာ"

mgyoe.com

F_3B



ဦးအောင်ဇေယျ ဦးဆောင်မှုဖြင့် မုဆိုးဖိုရွာမှာ အင်အားတောင့်တင်းလာသည်။ လာရောက်တိုက်ခိုက်သော သူခိုး၊ ဓားပြများကို တိုက်ခိုက်ရှင်းလင်းနိုင်ပြီး အင်း၀မှ ပြေးလာသော လူသူများကြောင့်လည်း စစ်သည် အင်အားပို၍များပြားလာသည်။

mgyoe.com

mgyoe.com









ဟံသာဝတီဘုရင်မှာ
အင်းဝကို သိမ်းပိုက်ပြီး
အင်းဝမြို့၏
စည်းစိမ်ပစ္စည်းများကို
ဟံသာဝတီသို့ ယူဆောင်ပြီး
စစ်သူကြီး တလပန်းအား
စစ်သည် အမြောက်အမြားနှင့်
ထားခဲ့သည်။

mgyoe.com